# 4 အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ

## 4-2 ကျန်းမာရေးအာမခံ

### (1) အာမခံထားရမည့်သူ

ကုမ္ပဏီနှင့်ရုံးခန်းတွင်အလုပ်လုပ်သူ။

### (2)အာမခံထားနည်း

ကုမ္ပဏီနှင့်ရုံးခန်းမှတစ်ဆင့် လုပ်ဆောင်ရမည်။ အလုပ်ရှင်အား မေးမြန်းပါ။

### (3)အာမခံကတ်ပြား (ကျန်းမာရေးအာမခံထားသူထောက်ခံစာကတ်ပြား)

အာမခံထားလျှင် "အာမခံကတ်" ထုတ်ပေးလိမ့်မည်။ ထိုကတ်သည် အာမခံထားကြောင်း သက်သေပြု ပေးသဖြင့် သေသေချာချာသိမ်းထားပါ။ ထိုကတ်တွင် အာမခံထားသူ၏ နေရပ်လိပ်စာ၊ နာမည်ကို ဖော်ပြထားသည်။ အာမခံကတ်ကို ကုသမှု ခံယူလျှင် ကောင်တာတွင် ပြပါ။ ပြည်တွင်းခရီးသွားလျှင် ယူဆောင်သွားပါ။ အာမခံကတ်ပြားကို ငှားခြင်း၊ ရောင်းခြင်းမလုပ်ဆောင်ရန်။

### (4) ဆေးကုသမှုအဖွဲ့အစည်းတွင် ပေးဆောင်ရမည့် ဆေးကုသမှု၏ကုန်ကျငွေပမာဏ

ရောဂါဝေဒနာကိုကုသလျှင်၃၀%သာပေးဆောင်ရမည်။သို့သော်အသက်၇၀မှ၇၄နှစ်ပုဂ္ဂိုလ်များသည်ဝင်ငွေပေါ် မူတည်ပြီး၂၀%မှ၃၀%ပေးရမည်ဖြစ်သည်။မွေးကင်းစမှ မသင်မနေရပညာရေးမတိုင်မီအတွင်းကလေးငယ်များသည်၂၀%ပေးဆောင်ရသည်။

**ကျန်မာရေးအာမခံ(အာမခံထားသူ၊ အာမခံထားသူ၏မှီခို)၏ပေးရမည့်ငွေ**

| | | |
|---|---|---|
| **မသင်မနေရပညာရေးမတိုင်မီ** | ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၂၀% |
| **ကျောင်းပြီး - ၆၉နှစ်** | အလုပ်ဝင်ငွေများ၊ပုံမှန်၊နည်းသူ | ၃၀% |
| **၇၀နှစ်မှ၇၄နှစ်** | အလုပ်ဝင်ငွေများ | ၃၀% |
| | ဝင်ငွေပုံမှန်၊နည်းသူ | ၂၀% |

မှတ်ချက်။ ။၇၅နှစ်အထက်(၆၅-၇၄နှစ်ရှိသူအနက် သက်မှတ်ထားသောမသန်စွမ်းခြင်းရှိသူ) သည် ဒုတိယပိုင်းသက်ကြီးရွယ်အိုကျန်းမာရေးစနစ်နှင့်သာ ဆိုင်သည်။

(5) အာမခံကြေး

အာမခံဆောင်ငွေသည် လစာမှနုတ်ယူထားသည်။ ပေးဆောင်ရမည့်ပမာဏသည် ရရှိသည့်လစာတွင် မူတည်ပြီး အလုပ်ရှင်နှင့် ကာယကံရှင်က တစ်ဝက်စီပေးဆောင်ရမည်။

**(6) ကျန်းမာရေးအာမခံ၏ အာမခံငွေအမျိုးအစားနှင့် အကြောင်းအရာ**

(Japan Health Insurance Association) https://www.kyoukaikenpo.or.jp/g3/cat320/sb3170/sbb31700/1940-252

| အုပ်စုခွဲ | | အာမခံငွေအမျိုးအစား | |
|---|---|---|---|
| ဖျားနာ၊ဒဏ်ရာရချိန် | | အာမခံထားသူ | အာမခံထားသူ၏မိသားစု |
| ကျန်းမာရေးအာမခံကတ်ပြားဖြင့် ဆေးကုသမှုခံယူသည့်အခါ | → | ဆေးကုသစရိတ်<br>ဆေးရုံတက်စဉ်စားသောက်စရိတ်<br>ဆေးရုံတက်စဉ်နေထိုင်ကုန်ကျစရိတ်<br>အာမခံဘောင်အပြင်ဆေးကုသစရိတ်<br>အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်စရိတ် | မိသားစုဆေးကုသစရိတ်<br>မိသားစုအိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်စရိတ် |
| အာမခံကတ်ပြားမရှိသောကြောင့် ဆေးကုသစရိတ်စိုက်ရမည့်အခါ | → | ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ပြုစုစောင့်ရှောက်၊ ဆေးကုသစရိတ် | မိသားစုဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ဆေးကုသစရိတ်<br>ဈေးနှုန်းမြင့်ပြုစုစောင့်ရှောက်၊ဆေးကုသစရိတ် |
| အရေးပေါ် လူနာသယ်သည့်အခါ | → | လူနာသယ်စရိတ် | မိသားစုသယ်ယူပို့ဆောင်စရိတ် |
| ကုသမှုအတွက်အလုပ်နားသည့်အခါ | → | ဖျားနာဒဏ်ရာထောက်ပံ့ငွေ | |
| **မီးဖွားသည့်အခါ** | → | နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ<br>မီးဖွားခြင်းထောက်ပံ့ငွေ | မိသားစု နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ |
| **သေဆုံးသည့်အခါ** | → | သင်္ဂြိုဟ်စရိတ် | မိသားစု သင်္ဂြိုဟ်စရိတ် |
| **အလုပ်မှ နုတ်ထွက်သည့်အခါ (သတ်မှတ်ထားသောအချိန်အထိ အာမခံငွေရနိုင်သည်)** | → | ဖျားနာဒဏ်ရာထောက်ပံ့ငွေ<br>မီးဖွားခြင်းထောက်ပံ့ငွေ<br>နို့စို့ကလေးပြုစုစောင့်ရှောက်ငွေ<br>သင်္ဂြိုဟ်စရိတ် | |